## ဘယ်လ်ဂျီယံ/နယ်သာလန်/လူဇင်ဘတ်နှင့် ခရိုအေးရှားနိုင်ငံများရှိ တက္ကသိုလ်များတွင် လာရောက်ပညာသင်ကြားမည့် အစိုးရ ပညာတော်သင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များ

မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့မှ ပူးတွဲတာဝန်ယူထားသော ဘယ်လ်ဂျီယံ/နယ်သာလန်/ လူဇင်ဘတ်နှင့် ခရိုအေးရှားနိုင်ငံများရှိ တက္ကသိုလ်များတွင် လာရောက်ပညာသင်ကြားမည့် ပညာသင်များအနေဖြင့် အောက်ဖော်ပြပါအချက်များ လိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါသည်–

(က) ပညာသင်ကြားမည့် သက်ဆိုင်ရာနိုင်ငံသို့ စတင်ရောက်ရှိကြောင်း သတင်းပေးပို့ရန်၊

(ခ) ပညာသင်ကြားပြီး (၃) လအကြာ (၃) လတစ်ကြိမ် ပညာသင်အစီရင်ခံစာ ပေးပို့ရန်၊

(ဂ) မြန်မာနိုင်ငံသို့ စာတမ်းပြုစုရန်/အကြောင်းအမျိုးမျိုးကြောင့် ပြန်လိုခြင်းနှင့် ပညာသင်ကာလ တိုးမြှင့်လိုပါက သံအမတ်ကြီးထံလိပ်မူလျှောက်ထားရန်။

(က) အစိုးရ ဝန်ကြီးဌာနအသီးသီးမှ ပညာသင်ကြားမည့် သက်ဆိုင်ရာနိုင်ငံသို့ စတင်ရောက်ရှိချိန်တွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ဖြည့်စွက်ပေးပို့ရန် လိုအပ်ပါသည်–

(၁) ရောက်ရှိကြောင်း သတင်းပို့လွှာ
(၂) ကိုယ်ရေးရာဇဝင် (CV Forms) (လျှောက်လွှာတွင် အချက်အလက်များအားလုံး ပြည့်စုံစွာ ဖြည့်စွက်၍ လက်မှတ်ရေးထိုးပြီး ပေးပို့ရန် လိုအပ်ပါသည်။)
(၃) ၆ လအတွင်း ရိုက်ကူးထားသော ပါတ်စပို့ဆိုဒ် ရောင်စုံ ဓာတ်ပုံ (၃) ပုံ
(၄) မြန်မာနိုင်ငံကူးလက်မှတ် (မိတ္တူ) ၁ စုံ (မြန်မာနိုင်ငံကူးလက်မှတ်၏ဓာတ်ပုံနှင့် အချက်အလက်များပါရှိသော ရှေ့စာမျက်နှာအပါအဝင် အသုံးပြုပြီးသော စာမျက်နှာ အားလုံး)
(၅) ခွင့်ပြုမိန့်/ DO (မိတ္တူ) ၁ စုံ
(၆) သက်တမ်းရှိ ဗီဇာ (မိတ္တူ) ၁ စုံ

(ခ) အစိုးရ ဝန်ကြီးဌာနအသီးသီးမှ ပညာသင်ကြားမည့် သက်ဆိုင်ရာနိုင်ငံသို့ရောက်ရှိ ပညာသင်ကြားပြီး (၃) လအကြာ အစိုးရပညာသင်များအနေဖြင့် ပညာသင်ကြားနေမှု အခြေအနေနှင့် စပ်လျဉ်း၍ (၃) လတစ်ကြိမ် ပညာသင်အစီရင်ခံစာများကို သံရုံး၏ ဗီဇာ အီးမေးလ်ဖြစ်သော visa@embassyofmyanmar.be သို့ ပေးပို့ရန် လိုအပ်ပါသည်။

(ဂ) မြန်မာနိုင်ငံသို့ စာတမ်းပြုစုခြင်း/အကြောင်းအမျိုးမျိုးကြောင့် ပြန်လိုခြင်း/ ပညာသင်ကာလ တိုးမြှင့်လိုခြင်းများအတွက် သံအမတ်ကြီးထံလိပ်မူ၍ အကျိုးအကြောင်း စီလျှော်အောင် ဖော်ပြထားသော ကိုယ်ရေးလျှောက်လွှာတစ်စောင်ရေးသား၍ သွားရောက်လိုသည့် ကာလ မတိုင်မီ အနည်းဆုံး (၂) လ ကြိုတင်ပေးပို့လျှောက်ထားရန် လိုအပ်ပါသည်။

မှတ်ချက်။ ပညာသင် စတင်ရောက်ရှိချိန်တွင် မြန်မာသံရုံးသို့ ပေးပို့ခဲ့သော အချက်အလက်များနှင့် စပ်လျဉ်း၍ ပြောင်းလဲမှုရှိပါက visa@embassyofmyanmar.be သို့ အကြောင်းကြားပေးပါရန် ထည့်သွင်းဖော်ပြအပ်ပါသည်။